# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၂၈–၁–၂၀၁၄ ] (အင်္ဂါနေ့) နေ့လယ် ၁၃၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်စိုး၊ လောင်းလုံး မဲဆန္ဒနယ်၏ **ရေး–ထားဝယ်–မြိတ်–ကော့သောင်းလမ်း (AH-112)ကို မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **ပန်းတောင်း–တောင်ကုတ် (ရခိုင်ရိုးမ)လမ်းကို ဂျပန်ကားကြီးများဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **အသေးစားငွေချေး ဥပဒေတွင် ပုဒ်မ-၅၇ ပြဋ္ဌာန်းချက်အရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု မဟုတ်သောကြောင့် ပုံစံ(က)(ခ)ဖြင့် ဦးတိုက်လျှောက်ထားမှုများကို အများအားဖြင့် တရားရုံးများက ပလပ်ခဲ့သည်ကို သိပါသလား** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ ထုတ်ပြန်နေသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် စိစစ် ဆောင်ရွက်ခြင်းရှိ/မရှိနှင့် ထုတ်ပြန်ချက်များကို ပြည်သူများ သိရှိခွင့်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။